## ၁၂။ အနီရောင်အစင်းကြားပါလေ့ပိုး/သရစ်ပိုး

**Red Banded Thrips: *Selenothrips rubrocinctus* (Giard, 1901)**

**Thysanoptera: Thripidae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ



အကောင်ကြီးအဆင့်သည် အလျား (၁.၀ - ၁.၄) မီလီမီတာ ခန့်ရှိကာ အညိုရင့်ရောင် မှ အနက်ရောင်ရှိပြီး အကောင်ငယ်များသည် လိမ္မော်ရောင်/ အဝါရောင် ဖျော့ဖျော့ရှိကာ ဝမ်းဗိုက်၏ အစိတ်အပိုင်းအချို့တွင် တောက်ပသောအနီရောင်အစင်းကြားများ ပါရှိသည်။ အကောင်ငယ်ဘဝတွင် အဆင့် (၂) ဆင့်ရှိပြီး အပြည့်အဝကြီးထွားလျှက်ရှိသည့် ဒုတိယအဆင့် အကောင်ငယ်သည် (၁.၃) မီလီမီတာခန့်ရှည်သည်။

### ဖျက်ဆီးပုံလက္ခဏာများ



အပွင့်၏ အရည်များကို စုပ်ယူစားသုံးခြင်းကြောင့် အပွင့်များ ညှိုးခြောက်ပြီး နောက်ကြွေကျစေပါသည်။ အရွက်နု/ရင့်များ၏ အောက်မျက်နှာပြင်နှင့် ကြီးထွားဆဲ အသီးများ၏ မျက်နှာပြင်များကို ထိုးဖောက်ခြစ်၍ အရည်များကို စုပ်ယူစားသုံးသည့်အတွက် ဆိုးရွားစွာ ကျရောက်ပါက အရွက်များတွင် အညိုရောင် နေလောင်ကွက်များကဲ့သို့ ဖြစ်ပေါ်စေပြီး အသီးမျက်နှာပြင်ပေါ်တွင် ငွေရောင်/အညိုရောင် အမာရွတ်များ ဖြစ်ပေါ်စေကာ ဈေးကွက်မဝင် သောအသီးများ ဖြစ်စေပါသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၄)ရက် |
| ပိုးမမည် အဆင့် | - (၈-၉) ရက် |
| ရုပ်ဖုံး အဆင့် | - (၃-၅) ရက် |
| အကောင်ကြီး အဆင့် | - (၄ ) ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)လေဝင်လေထွက်ကောင်းစေရန်နှင့် အလင်းရောင်ကောင်းစွာ ရရှိစေခြင်းဖြင့် ပိုးကျရောက်မှုနည်းစေရန် ကိုင်းကျပ်၊ ကိုင်းညှပ်များ ခုတ်ထွင် ရှင်းလင်းပါ။

(၂)လေ့း/သရစ်ပိုးကျရောက်မှုကို အပြာရောင်စေးကပ်ထောင်ချောက်တင်ဆင်၍ လည်းကောင်း၊ အပွင့်၊ အရွက်များကို စက္ကူအဖြူရောင်ပေါ်တွင် လှုပ်ခါ၍လည်းကောင်း၊ ပိုး ကျရောက်မှုကို စဉ်ဆက်မပြတ် ကင်းထောက်ပါ။

(၃) ပင်စိမ်းပင်များကို စိုက်ခင်းပတ်လည်တွင် စိုက်ပေးပါ။

(၄)ငရုတ်၊ကြက်သွန်နီသီးနှံများနှင့်တွဲဖက်မစိုက်သင့်ပါ။

(၅)လေ့းပိုးပေါက်ပွားမှုကို ဟန့်တားရန် ပျိုးပင်များအပေါ်မှ ရေဖျန်းပါ။

(၆)မစိုက်မီမျိုးစေ့အားအီမီဒါကလိုပရစ်(Imidacloprid 600FS/ Imidacloprid 70SS)ဆေးဖြင့် လူးနယ်စိုက်ပျိုးပါ။

(၇)ထိသေ၊စားသေ(သို့)ပင်လုံးပြန့်အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေး(Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- အဆီတာမီပရစ် (Acetamiprid)
- ကလိုဖန်နာပြာ(Chlorfenapyr)